# First Sunday of Advent

## 1st READING: *Isaiah 63:16-19; 64:2-7*

ယေရှာယအနာဂတ္တိကျမ်း။ ၆၃း ၁၆–၁၉။ ၆၄း ၂–၇

အာဗြဟံသည် အကျွန်ုပ်တို့ကို မသိ၊ ဣသရေလသည် လက်မခံသော် လည်း၊ အကယ်စင်စစ် ကိုယ်တော်သည်အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ အိုထာဝရဘုရား၊ကိုယ်တော်သည်အကျွန်ုပ်တို့အဘဖြစ်တော်မူ၏။ရှေးကာလမှစ၍အကျွန်ုပ်တို့ကိုရွေးနှုတ်သောဘုရားဖြစ်တော်မူ၏။ အိုထာဝရဘုရား၊ ကိုယ်တော်၏လမ်းမှအကျွန်ုပ်တို့ကိုအဘယ်ကြောင့် လွှဲစေတော်မူသနည်း။ ကိုယ်တော်ကိုမကြောက်ရွံ့မည်အကြောင်း၊အကျွန်ုပ်တို့၏စိတ်နှလုံးကိုအဘယ်ကြောင့်ခိုင်မာစေတော်မူသနည်း။ ကိုယ်တော်၏ကျွန်တို့အတွက်၊ အမွေတော်ဖြစ်သော အနွယ်တို့အတွက် ပြန်လာတော်မူပါ။ ကိုယ်တော်၏ သန့်ရှင်းသူတို့သည် ခဏသာအစိုးရပြီးမှ၊ ရန်သူတို့သည်သန့်ရှင်းရာဌာနတော်ကိုကျော်နင်းကြသည်ဖြစ်၍၊ အကျွန်ုပ်တို့သည်ကိုယ်တော်မအုပ်စိုးဘူးသောသူကဲ့သို့၎င်း၊ နာမတော်ဖြင့်သမုတ်ခြင်းကိုမခံဘူးသောသူကဲ့သို့၎င်းဖြစ်ကြပါ၏။ မီးသည်အမှိုက်ကိုလောင်သကဲ့သို့၎င်း၊ ရေကိုဆူစေသကဲ့သို့၎င်းဖြစ်ပါစေသော။ သို့ဖြစ်လျှင်၊ကိုယ်တော်၏ရန်သူတို့သည်နာမတော်ကိုသိ၍၊ ရှေ့တော်၌လူအမျိုးမျိုးတို့သည်တုန်လှုပ်ကြပါလိမ့်မည်။ အကျွန်ုပ်တို့မြော်လင့်သည်ထက်၊ အံ့ဘွယ်သောအမှုတို့ကိုပြုတော်မူသောအခါ၊ဆင်းသက်တော်မူ၍တောင်တို့သည်ရှေ့တော်၌လှုပ်ကြပါ၏။ ကိုယ်တော်ကိုမြော်လင့်သောသူတို့အဘို့အလို့ငှါကျေးဇူးပြုတော်မူသောဘုရား၊ ကိုယ်တော်မှတပါးအခြားသောဘုရားသခင်ကိုကမ္ဘာဦးမှစ၍အဘယ်သူမျှမကြားမသိပါ။ နားဖြင့်မကြားမျက်စိဖြင့်မမြင်စဖူးပါ။ ဝမ်းမြောက်သောစိတ်နှင့်ဖြောင့်မတ်စွာကျင့်သောသူ့တရားတော်လမ်းတို့၌ကိုယ်တော်ကိုအောက်မေ့သောသူတို့နှင့်ကိုယ်တော်သည်မိဿယရဖွဲ့တော်မူ၏။ ထိုလမ်းတို့မှအကျွန်ုပ်တို့သည်အစဉ်လွှဲတတ်သောကြောင့်အမျက်ထွက်တော်မူ၏။ ကယ်တင်ခြင်းသို့ရောက်ကြပါမည်လော့။ အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။ပြုဖူးသမျှသောကုသိုလ်ကောင်းမှုတို့သည်ညစ်သောအဝတ်နှင့်တူကြပါ၏။ အကျွန်ုပ်ရှိသမျှသည်သစ်ရွက်ကဲ့သို့ညှိုးနွမ်းလျက်ရှိ၍၊ကိုယ်အပြစ်တို့သည်လေကဲ့သို့အကျွန်ုပ်တို့ကိုတိုက်သွားပါပြီ။ နာမတော်ကိုပဌနာပြုသောသူ။ ကိုယ်တော်ကိုမှီဝဲခြင်းငှါကိုယ်ကိုကိုယ်နှိုးဆော်သောသူတစ်ယောက်မျှမရှိပါ။ အကြောင်းမူကား၊ မျက်နှာတော်ကိုလွှဲ၍အကျွန်ုပ်တို့ကိုဒုစရိုက်အပြစ်အား ဖြင့်ဆုံးရှုံးစေတော်မူပြီ။

## Responsorial Psalm  Psalms  80:2-3, 15-16, 18-19

ဆာလံကျမ်း    ၈၀း ၂–၃၊၁၅–၁၆၊ ၁၈–၁၉

၂–၃။ အိုအစ္စရေးလ်လူမျိုး၏သိုးထိန်းတော်၊ တပည့်တော်တို့ကိုနားညောင်းတော်မူပါ။ ကိုယ်တော်၏အလင်းတော်ကိုဧဖရိမ်၊ ဗင်ဂျမင်နှင့်မနေ့ာရှေတို့၏ရှေ့တွင်ထွန်းတောက်စေတော်မူပါ။ ကိုယ်တော်၏ခွန်အားတန်ခိုးကိုလှုံ့ဆော်တော်မူ၍တပည့်တော်တို့ကိုလာရောက်ကယ်တင်တော်မူပါ။ အိုဘုရားသခင်တပည့်တော်တို့အားပြန်လည်ထူထောင်ပေးတော်မူပါ။ တပည့်တော်တို့သည်ကယ်တင်ခြင်းခံရအံ့သောငှါကိုယ်တော်၏မျက်နှာတော်ကိုတပည့်တော်တို့အပေါ်ထွန်းတောက်စေတော်မူပါ။

၁၅–၁၆။ ညာလက်ရုံးတော်ဖြင့်စိုက်ပျိုးထားသောအမြစ်၊ ကိုယ်တော်အတွက်၊ ကိုယ်တော်ကိုယ်တိုင်ပျိုးထောင်ထားသောသားကိုထိန်းသိမ်းစောင့်ရှောက်တော်မူပါ။ ကိုယ်တော်၏စပျစ်နွယ်သည်ခုတ်လှဲခြင်းခံရပြီးမီးရှို့ဖျက်ဆီးခြင်းခံရပါပြီ။ ကိုယ်တော်၏ဆုံးမကြောင့်ကိုယ်တော်၏လူမျိုးတော်သည်ပျက်စီးကြရပါ၏။

၁၈–၁၉။ ထိုအခါတပည့်တော်တို့သည်ကိုယ်တော်ထံပါးမှကျောခိုင်းသွားကြမည်မဟုတ်ပါ။ တပည့်တော်တို့အားပြန်လည်သက်ဝင်စေတော်မူပါ။ တပည့်တော်တို့သည်လည်းကိုယ်တော်၏နာမတော်ကိုခေါ်တကြပါလိမ့်မည်။ အားလုံးစုံကိုတတ်နိုင်တော်မူသောအိုဘုရားသခင်တပည့်တော်တို့အားပြန်လည်ထူထောင်ပေးတော်မူပါ။ တပည့်တော်တို့သည်ကယ်တင်ခြင်းခံရအံ့သောငှါကိုယ်တော်၏မျက်နှာတော်ကိုတပည့်တော်တို့အပေါ်ထွန်းတောက်စေတော်မူပါ။

## 2nd READING: *1 Corinthians 1:3-9*

ကော်ရင့်သုဩဝါဒပထမစာစောင်    ၁း ၃–၉

ငါတို့အဖဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်နှင့်ငြိမ်းချမ်းခြင်းမင်္ဂလာသည်သင်တို့အပေါ်သို့သက်ရောက်တော်မူပါစေ။ ယေရှုခရစ်တော်အားဖြင့်သင်တို့အားပေးသနားတော်မူသောဘုရားသခင်၏ကျေးဇူးတော်အတွက်ငါသည်ဘုရားသခင်အားအစဉ်အမြဲကျေးဇူးတင်ပါသည်။ သင်တို့သည်ကိုယ်တော်အားဖြင့်နှုတ်၏စွမ်းရည်၊ အသိဉာဏ်စွမ်းရည်အားလုံးစုံတို့ဖြင့်ပြည့်စုံကြွယ်ဝကြသည်ဖြစ်၍၊ ခရစ်တော်အားသက်သေခံခြင်းအမှုကိုပင်သင်တို့အခိုင်အမာပြုနိုင်ကြပေပြီ။ ဤနည်းအားဖြင့်သင်တို့သည်ငါတို့၏သခင်ယေရှုခရစ်တော်၏ထင်ရှားတော်မူခြင်းကိုစောင့်မျှော်နေကြစဉ်သင်တို့တွင်ဝိညာဉ်ရေးဆိုင်ရာကျေးဇူးတော်များလစ်ဟင်းသည်ဟုမရှိပေ။ ငါတို့သခင်ယေရှုခရစ်တော်၏နေ့ရက်တွင်သင်တို့သည်အပြစ်ကင်းစင်လျက်ရှိကြစေရန်ကိုယ်တော်သည်သင်တို့ကိုအဆုံးတိုင်အားဖြည့်တင်းပေးတော်မူလိမ့်မည်။ ဘုရားသခင်သည်သစ္စာရှိတော်မူ၏။ သင်တို့သည်ကိုယ်တော်၏သားတော်၊ ငါတို့သခင်ယေရှုခရစ်တော်၏မိသဟာယတွင်ပါဝင်ကြစေရန်ကိုယ်တော်အားဖြင့်ခေါ်တော်မူခြင်းခံခဲ့ရကြလေပြီ။

**GOSPEL:** ***Mark 13: 33-37***

ရှင်မာကုဧဝံဂေလိကျမ်း 13; 33-37

သတိရှိကြလော့။ စောင့်နေ၍ဆုတောင်းကြလော့။ အကြောင်းမူကား၊ ထိုအချိန်နာရီသည်မည်သည့်အခါတွင်ကျရောက်မည်ကိုသင်တို့မသိကြသောကြောင့်တည်း။ ဤသည်မှာရပ်ဝေးသို့ခရီးထွက်မည့်သူနှင့်တူ၏။ သူသည်ခရီးထွက်သောအခါ၊ မိမိအိမ်ကိုထားခဲ့ကာတံခါးစောင့်ကိုလည်းနိုးကြားစွာစောင့်နေရန်မှာထားခဲ့၏။ အကြောင်းမူကား၊ အိမ်ရှင်သည်ညဦးယံအချိန်သို့မဟုတ်ညသန်းခေါင်အချိန်တို့တွင်မည်သည့်အချိန်၌ပြန်လာမည်ကိုသင်တို့မသိကြသောကြောင့်နိုးကြားစွာစောင့်နေကြလော့။ အကယ်၍သခင်သည်ရုတ်တရက်ပြန်လာပါလျှင်သင်တို့အိပ်ပျော်နေသည်ကိုမတွေ့စေရန်သတိနှင့်စောင့်ကြလော့။ သင်တို့အားငါဆိုသည်ကိုအားလုံးသူတို့အားလည်းငါဆို၏။ နိုးကြားစွာစောင့်နေကြလော့ဟုမိန့်တော်မူ၏။